အလုပ်ခွင်၌ ကိုရိုနာ ဗိုင်းရပ်စ် ပိုးအသစ် ကူးစက်ခံရသူများထံသို့

# အလုပ်ကြောင့် ရောဂါကူးစက်မှု ခံရသည့်အခါ
# အလုပ်သမားမတော်တဆမှု အာမခံ အကျိုးခံစားခွင့်နှင့် အကျုံးဝင်မည်

## အကျုံးဝင်မည် ဆိုသည်မှာ?

■ကူးစက်မှုလမ်းကြောင်းသည် အလုပ်မှတစ်ဆင့် ဖြစ်ကြောင်း တိတိကျကျ သိရသောအခါ

■<u>ကူးစက်မှုလမ်းကြောင်းကို အတိအကျမသိရသော်လည်း</u> ကူးစက်နိုင်ချေ မြင့်မားသောအလုပ်※ ကို တာဝန်ယူရင်း ၎င်းကြောင့် ကူးစက်မှု ဖြစ်နိုင်ချေများသောအခါ

※(ဥပမာ ၁) ကူးစက်သူ အများအပြားတွေ့ရှိထားသော လုပ်ငန်းခွင်ရှိ အလုပ်

※(ဥပမာ ၂) ဧည့်သည်များနှင့် နီးကပ်စွာ ထိတွေ့ရန် အခွင့်အရေးများသော လုပ်ငန်းခွင်ရှိ အလုပ်

■ဆရာဝန်၊ သူနာပြု လုပ်ကိုင်သူများ အတွက်မူ လုပ်ငန်းခွင် ပြင်ပတွင် ကူးစက်ခဲ့ခြင်း ဖြစ်ကြောင်း သေချာနေသည့် အခြေနေမှလွဲ၍ ကျန်အခြေအနေများတွင် အခြေခံအားဖြင့် အကျုံးဝင်သည်

■ရောဂါလက္ခဏာမှာ ဆက်လက်ဖြစ်ပေါ်ပြီး (နောက်ဆက်တွဲလက္ခဏာ)၊ ဆေးကုသရန်စသည်တို့ လိုအပ်ကြောင်း အသိအမှတ်ပြုခံရသောအခါတွင်လည်း အာမခံအကျိုးခံစားခွင့်တွင် အကျုံးဝင်သည်

## အလုပ်သမား မတော်တဆ ထိခိုက်မှု အာမခံအမျိုးအစား

အလုပ်ကြောင့် ကိုရိုနာဗိုင်းရပ်စ်အသစ် ကူးစက်ခံရသော အလုပ်သမားများနှင့် ၎င်း၏ မိသားစုများအတွက်မူ ပုံမှန်ဝန်ထမ်း၊ နေ့တစ်ပိုင်းဝန်ထမ်း၊ အချိန်ပိုင်းဝန်ထမ်း စသည်ဖြင့် မသက်ဆိုင်ဘဲ အောက်ပါ အာမခံအကျိုးခံစားခွင့်ကို ရယူနိုင်သည်။ ထို့အပြင် <u>အာမခံအကျိုးခံစားခွင့်ကို အလုပ်သမားကိုယ်တိုင် တောင်းဆိုရမည်ဖြစ်သည်။</u> ကူးစက်မှုလမ်းကြောင်း အတိအကျမသိရခြင်းစသည်တို့ကြောင့် တောင်းခံသည့်စာရွက်တွင် ကုမ္ပဏီမှ အသိအမှတ်မပြုသောအခါ ပထမဦးစွာ အလုပ်သမားအခြေခံစံချိန်စံညွှန်း စစ်ဆေးရေး ဝန်ကြီးဌာနနှင့် တိုင်ပင်ဆွေးနွေးပါ။

### ဆေးကုသရေး ထောက်ပံ့ငွေ

①အလုပ်သမား မတော်တဆမှုဆေးဘက်ဆိုင်ရာ အဖွဲ့အစည်းတွင် ဆေးကုသမှုခံယူပါက အခြေခံအားဖြင့် အခမဲ့ ဆေးကုသမှု ခံယူနိုင်ပါသည်။

②မတတ်သာဘဲ အလုပ်သမား မတော်တဆမှုဆေးဘက်ဆိုင်ရာအဖွဲ့အစည်း ပြင်ပတွင် ဆေးကုသမှု ခံယူခဲ့ပါက ခံယူခဲ့ပါက တစ်ကြိမ် ဆေးကုသမှုစရိတ်ကိုပြီးနောက်တွင် အလုပ်သမား အာမခံကို တောင်းဆိုခြင်းဖြင့် ကုန်ကျခံထားသော ကုန်ကျစရိတ်အားလုံးကို ထောက်ပံ့ပေးမည်။

### လုပ်ငန်းနားချိန် ထောက်ပံ့ငွေ

ဆေးကုသရန်အတွက် အလုပ်ကို အနားယူထားသောကြောင့် လုပ်အားခမရသော အခြေအနေတွင် ၊ ထောက်ပံ့ငွေ ရယူနိုင်သည်။

■ထောက်ပံ့ငွေ ပေးအပ်သောနေ့ : အလုပ်နားပြီး ၄ရက်မြောက်သည့်နေ့ မှစ၍

■ထောက်ပံ့ငွေ ပမာဏ : အလုပ်နားသော ၁ရက်အတွက် ပုံမှန်ပေးအပ်သောနေ့တွက် ပမာဏ၏ (၈၀%)
(အထူးထောက်ပံ့ငွေ ၂၀ % အပါအဝင်)

＊အခြေခံအားဖြင့် 「အခြေခံနေ့တွက် လစာပမာဏ」 သည် ရောဂါဖြစ်ပွားသောနေ့ မတိုင်မီ ၃လစာ၏ လုပ်အားခကို ပြက္ခဒိန်ရှိရက်ဖြင့် စားထားသော ပမာဏ ဖြစ်သည်။

### ကျန်ရစ်သူမိသားစု ထောက်ပံ့ငွေ

အလုပ်တွင် အရင်းခံကာ ကူးစက်မှု ဖြစ်ပွား၍ သေဆုံးသွားသော အလုပ်သမား၏ ကျန်ရစ်သူမိသားစုသည် ကျန်ရစ်သူမိသားစု ပင်စင်ထောက်ပံ့ငွေ၊ ကျန်ရစ်သူမိသားစု ယာယီထောက်ပံ့ငွေ စသည်တို့ကို ရယူနိုင်သည်။

■စုံစမ်းမေးမြန်းမှုများပြုလုပ်လိုပါက နီးစပ်ရာ အလုပ်သမားရေးရာဌာန ・အလုပ်သမား အခြေခံစံချိန်စံညွှန်း စစ်ဆေးရေး ဝန်ကြီးဌာနသို့ ▶

လူမှုဖူလုံရေးနှင့် အလုပ်သမား ဝန်ကြီးဌာန ・ မြို့ရွာစီရင်စု အလုပ်သမားရေးရာဌာန ・
အလုပ်သမား အခြေခံစံချိန်စံညွှန်း စစ်ဆေးရေး ဝန်ကြီးဌာန

（2021.12）